
ဝန်ဇင်း
Read on the move
မင်းချာန်
ရွာကို လမ်းကြုံလိုက်ချင်လို့ပါ

ဤအဖြစ်အပျက်လေးသည် ကျွန်ုပ်အဖို့ ဒီတစ်သက် မေ့ပျောက်နိုင်မည် မဟုတ်ပေ။ ကြုံတွေ့ခဲ့ရသော နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပေလည်း ကျွန်ုပ်စိတ်ထဲတွင် မူ မနေ့တစ်နေ့ကမှ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်နှယ် တည်ရှိနေခြင်းသည် ကား စွဲလမ်းမှုကြောင့် ပင် ဖြစ်သည် ဟု ထင်မိသည် ။ ကျွန်ုပ်ကြုံတွေ့ခဲ့ရသည့် ကျောချမ်းဖွယ် ကောင်းသော ဤကြောက်စရာ အဖြစ်အပျက်ကို ရင်းနှီးသော မိတ်ဆွေ သူငယ်ချင်းများအား ပြန်ပြောလေ့ ရှိသည် ။

ကျွန်ုပ်ကြုံတွေ့ခဲ့ရသော ကြောက်စရာ ကောင်းသည့် အဖြစ်အပျက်၏ နောက်ကွယ်တွင် ဝမ်းနည်းစရာ ကောင်းသော အဖြစ်မှန်လေးတစ်ခု ရှိခဲ့ဖူးသည် ။ တစ်ဖန် ထိုဝမ်းနည်းစရာ ကောင်းသော အဖြစ်မှန်လေးကပင် ကြောက်စရာ ကောင်းသော အဖြစ်အပျက်များကို ဖန်တီးပြောင်းလဲလိုက်ခြင်းပင် ဖြစ်သည် ။

***

## ဝမ်းနည်းဖွယ်ကောင်းသော အဖြစ်မှန်လေးတစ်ခု

# အခန်း(၁)

မြို့နှင့် အလှမ်းဝေးပြီး အဘက်ဘက်မှ နံ့ချာလှသော ရွာလေးတစ်ရွာမှ အစပြုခဲ့သည် ။ ထိုရွာလေးသည် လယ်ယာလုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်ကြသည် ။ ထိုရွာတွင် ကိုတင့်နှင့် မမယ်မြ ဆိုသော လင်မယားနှစ်ယောက် ရှိခဲ့ဖူးသည် ။ ကိုတင့်နှင့် မမယ်မြတို့ အိမ်ထောင်ကျခဲ့သည် မှာ ၂နှစ်ပင် ပြည့်ချေတော့မည်။ ကိုတင့်က ရိုးရိုးသားသားနှင့် တစ်ရွာလုံးက ချစ်ခင် သနားကြသော လူဆင်းရဲ လယ်စာရင်းငှား တစ်ယောက်ဖြစ်သည် ။ ကိုတင့်က လူသာ ဆင်းရဲသော်လည်း စိတ်ဓာတ်က မဆင်းရဲ။ နှလုံးလှသည် ။

ရုပ်ရွာအရေး ဆိုလျှင်လည်း ရှေ့ဆုံးမှ ပါတတ်သူလည်း ဖြစ်သည် ။ ထို့ကြောင့် လည်း ကုက္ကိုတန်းရွာ တစ်ရွာလုံးက လူသာ ဆင်းရဲ စိတ်ဓာတ် မဆင်းရဲတဲ့ ကိုတင့်ကို ချစ်ခင်သနား ကြသည် မှာ မဆန်းလှပေ။ ကိုတင့်အမျိုးသမီး မမယ်မြ ဆိုသူကလည်း ကုက္ကိုတန်းရွာသူပင် ဖြစ်သည် ။ မိခင် အမေအိုကြီးကို သိတတ်ချိန်မှ စ၍ ဈေးပန်းခေါင်းပေါ်ရွက်၍ အရပ်တကာ၊ နယ်တကာလှည့်၍ ဈေးရောင်းကျွေးနေသော သမီးအလိမ္မာလေး ဆိုလျှင်လည်း မမှားချေ။ ဘဝတူချင်း နားလည်ကြ၍ ကိုတင့်နှင့် မယ်မြတို့ မေတ္တာရည်ငံခဲ့ကြသည် ။

ထိုအကြောင်းကို ကုက္ကိုတန်းရွာ တစ်ရွာလုံးက သိကြသည် ။ ကိုတင့်နှင့် မမယ်မြကိုလည်း သဘောတူကြသည် ။ ကိုတင့်နှင့် မယ်မြတို့ မေတ္တာရည်ငံခဲ့ကြတဲ့ ၁နှစ်ကျော် ၂နှစ်စွန်းစွန်း အချိန်တွင် မမယ်မြရဲ့ အ

မေအိုကြီး ဆုံးသွားသည် ။ မမယ်မြတစ်ယောက် လူကွယ်ရာတွင် ကော လူမြင်ရာတွင် ပါ မျက်ရည် တစမ်းစမ်းနှင့် ငိုနေသည် ။ ကိုတင့်မှာ မမ ယ်မြကို ထွေးပေးထားလိုက် အားပေးစကား ပြောလိုက်နှင့် ချစ်သူအား နှစ်သိမ့်ပေးနေသည် ။ မမယ်မြတို့ အခြေအနေကို တစ်ရွာလုံးက သိကြ လို့ နာရေးကိစ္စအဝဝကို ရပ်ကွက်ကပဲ စီစဉ်ဆောင်ရွက် ပေးလိုက်သော ချောချောမွေ့မွေ့နှင့် ပင် ပြီးစီးသွားသည် ။

***